# *မြန်မြန်သိရန် အချက်များ*

## အသည်းယောင်အသားဝါ စီ ရောဂါဆိုတာ ဘာလဲ။

အသည်းယောင်အသားဝါ စီ ရောဂါဆိုတာ ရောဂါပိုးပါတဲ့သွေးကတဆင့်ကူးစက်တဲ့ သွေးကသယ်ဆောင်တဲ့ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပါတယ်။ အသည်းယောင်အသားဝါ စီ ဒါမှမဟုတ် အိတ်ချ်စီဗီ (HCV) က ဒီဗိုင်းရပ်စ်ပိုးကြောင့် အသည်းယောင်တာ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်တွေနဲ့တောင်ချီပြီး၊ ရောဂါက တဖြည်းဖြည်း ဆိုးလာပြီး အသည်းမာတာ၊ အသည်းကင်ဆာနဲ့ အသည်းပျက်စီးသွားတာတွေ ဖြစ်နိုင်ပါတယ်။ ဒီရောဂါက အမေရိကန်ပြည်ထောင်စုမှာ သွေးကကူးစက်တဲ့ရောဂါတွေထဲမှာ အဖြစ်အများဆုံးရောဂါဖြစ်ပြီး အသည်း အစားထိုးကုရတဲ့ အဓိကအကြောင်းရင်းတရပ်လည်းဖြည်ပါတယ်။ လူဦးရေ ၁ ဒသမ ၈ ရာခိုင်နှုန်း (သို့) အမေရိကန် ၄ ဒသမ ၁ သန်းကျော်မှာ ဒီရောဂါရှိတယ်လို့ ခန့်မှန်းထားပါတယ်။ (HCV) အတွက် ကာကွယ်ဆေး လုံးဝ မရှိပါဘူး။

## ရောဂါလက္ခဏာတွေက ဘာတွေလဲ။

(၈၀ ရာခိုင်နှုန်းလောက်) လူအများစုမှာ လက္ခဏာတွေ မရှိတာကြောင့်  သူတို့မှာ ရောဂါရှိမှန်း **မသိ**ကြပေမဲ့ တခြားလူတွေကို ကူးစက်နိုင်ပါတယ်။ သင့်မှာ အသည်းယောင်အသားဝါ စီရှိတယ်ဆိုရင်။ ။

- အသား (သို့) မျက်လုံးတွေ ဝါပါမယ်။
- အစားအသောက်ပျက်ပါမယ်။
- ပိန်သွားပါမယ်။
- ပြို့မယ်၊ အန်မယ်။
- ကိုယ်ပူမယ်။
- မောပန်းမယ်။
- ခေါင်းကိုက်မယ်။
- ဗိုက်အောင့်မယ်။
- ဆီးအရောင်ရင့်ပါမယ်။

## ရောဂါကူးပြီးဘယ်လောက်အကြာမှာ လက္ခဏာတွေ ပေါ်လာမလဲ။

နှစ်ပတ်ကနေ တလခွဲအတွင်းပေါ်လာပေမဲ့ လက္ခဏာတွေက သိပ်များချင်မှများမယ်။ ဘာလက္ခဏာမှ မပေါ်ဘဲလည်း ရှိနေနိုင်ပါတယ်။ ၈၀ ရာနှုန်းလောက်က ပိုး ရေရှည် သယ်ကြပြီး လက္ခဏာပေါ်လေ့မရှိပါဘူး။

## လူတွေက (**HCV**) ဘယ်လိုရတာလဲ။

(HCV)က သွေးနဲ့ တိုက်ရိုက်ထိတွေ့ရာက ကူးစက်ပါတယ်။ ဉပမာ၊ တကယ်လို့ အောက်ပါတို့ လုပ်ဖူးရင် (HCV)နဲ့ ထိတွေ့နိုင်ပါတယ်။

- မူးယစ်ဆေးဝါးထိုးဖူးရင် အပ်တွေက သွေးပေထားတာ ဖြစ်နိုင်ပြီး/(သို့) ဆေးထိုးဖို့ ပြင်ရာမှာသုံးတဲ့ တခြားဆေး"ကိရိယာတွေ" မှာလည်း ရောဂါပိုးပါတဲ့သွေးနဲ့ထိထားတာ ဖြစ်နိုင်ပါတယ်။
- သင်က သွေးထဲမှာ (HCV) ပါတဲ့ အလှူရှင်တယောက်ဆီက သွေး (သို့) သွေးထွက်ပစ္စည်းသုံးတယ်၊ (သို့) အင်္ဂါလက်ခံထားခဲ့တယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ ၁၉၉၂ ခုနှစ်ကစပြီး (HCV) ရှိမရှိ သွေးတွေကို စစ်ပါတယ်။
- စက်ကိရိယာနဲ့ ကျောက်ကပ်ကအညစ်အကြေးတွေ ဖယ်ဖို့ ရေရှည် လုပ်ခဲ့ရတယ်ဆိုရင် (HCV)ရှိတဲ့ ကိရိယာတွေကို မသိဘဲ သုံးမိခဲ့နိုင်ပါတယ်။
- သွေးနဲ့မကြာခဏထိတွေ့ရတဲ့ ကျန်းမာရေးလုပ်သားတယောက်ဖြစ်ဖူးရင် (သို့) မတော်တဆ အပ်(တွေ)နဲ့ ထိုးမိဖူးခဲ့ရင် ဖြစ်နိုင်ပါတယ်။
- သင့်ကိုမွေးတဲ့အခါက သင့်အမေမှာ (HCV) ရှိခဲ့ရင် သင့်မှာရှိနိုင်ပါတယ်။ ကလေးမွေးတုန်းက သူ့သွေးက သင့်ကိုယ်ထဲရောက်သွားခဲ့နိုင်ပါတယ်။
- (HCV) ရှိသူတယောက်ယောက်နဲ့ အတူနေပြီး သွေးရှိနေနိုင်တဲ့ ဘလိတ်ဒါး (သို့) သွားပွတ်တံတွေ သုံးမိခဲ့ရင် ဖြစ်နိုင်ပါတယ်။
- (HCV) ရှိသူတယောက်ယောက်နဲ့ လိင်ဆက်ဆံဖူးရင် ဖြစ်နိုင်ပါတယ်။
- ညစ်ပေတဲ့ အပ်တွေ (သို့) သန့်ရှင်းရေးကောင်းကောင်းမလုပ်တဲ့ စီးပွားရေးလုပ်ငန်းမဟုတ်တဲ့နေရာ (သို့) စည်းကမ်းသတ်မှတ်ချက်တွေမရှိတဲ့နေရာမှာ ထိုးကွင်းထိုးဖူးရင် ဖြစ်နိုင်ပါတယ်။
- ကိုင်တွယ်တာ၊ ခွက်တခွက်ထဲက အတူတူသောက်တာစတဲ့ သာမန်ထိတွေ့ရာက (HCV) မကူးပါဘူး။ (HCV) က သွေးကနေပဲ သွေးကို ကူးပါတယ်။

## ဘယ်သူတွေမှာ (HCV) ကူးဖို့ အန္တရာယ်ရှိနေသလဲ။

- မူးယစ်ဆေးဝါးထိုးသူတွေ
- ကျန်းမာရေးလုပ်သားတွေ
- တဦးထက်ပိုပြီး လိင်ဆက်ဆံသူတွေ
- အိုးအိမ်မဲ့သူတွေ
- စစ်မှုထမ်းဟောင်းတွေ

## အသည်းယောင်အသားဝါရောဂါ စစ်လို့ရသလား။

ဟုတ်ကဲ့၊ ကိုယ်ခန္ဓာထဲက ရောဂါပိုးတိုက်ဖျက်တဲ့ဓာတ်တွေ စစ်ဆေးရင် အရင်က ဒါမှမဟုတ် အခု (HCV)နဲ့ ထိတွေ့ဖူးခြင်းရှိမရှိ သိနိုင်ပါတယ်။ (HCV) ပိုးတွေ တက်ကြွနေခြင်းရှိမရှိ (PCR) စစ်ဆေးမှု တခုတည်းပဲ ပြောနိုင်ပါတယ်။

## (HCV) ဘယ်လိုကုနိုင်သလဲ။

**သင့်မှာ (HCV) ရှိရင် အခွင့်အရေးရတာနဲ့ချက်ချင်း အသည်းယောင် အသားဝါ အေနဲ့ ဘီတို့အတွက် အရင်ဦးဆုံး ကာကွယ်ဆေးထိုးရပါမယ်။**
လောလောဆယ် (FDA) ခွင့်ပြုထားတဲ့ကုသမှုတွေမှာ အင်တာဖယ်ရွန်ပါတဲ့ ဆေးတမျိုးတည်းနဲ့ကုတာ (သို့) နောက်ဆုံးပေါ် အဆင့်အတန်းအရ ရိုင်ဘာဗေရင်နဲ့ အင်တာဖယ်ရွန် ဆေးနှစ်မျိုးပေါင်းပြီးကုတာတို့ ရှိပါတယ်။
(HCV) ကုသမှု တခုခုမလုပ်ခင် ဆရာဝန်နဲ့ အရင်တိုင်ပင်ရပါမယ်။

ဒီကအချက်အလက်တွေအားလုံးက ပြည်သူတွေအသုံးပြုဖို့ ရည်ရွယ်ထားပါတယ်။ နောက်ထပ်အချက်အလက်တွေ သိလိုရင် ဒီအင်တာနက်စာမျက်နှာမှာ ကြည့်ပါ။ ။
**http://www.cdc.gov/ncidod/diseases/hepatitis/c/index.htm**

ဒီစာမျက်နှာကို ၂၀၀၇ ခုနှစ် ဇွန်လ ၁၉ ရက်မှာ နောက်ဆုံးပြန်လည်စစ်ဆေးထားပါတယ်။

Indiana State
Department of Health